ဇွန် (၂၄)

## ဘုရားသခင်သည် ကျရှုံးပျက်ကွက်ခြင်းမှလွဲ၍ မည်သည့်အရာကိုမဆို ပြုလုပ်နိုင်သည်။

**ခက်ခဲ**သောအရာတို့ကို ဘုရားသခင်က အလျှင်အမြန် လုပ်ဆောင်သည်။ မဖြစ်နိုင်သောအရာအတွက် အချိန်အနည်းငယ် ပို၍ကြာသည်။ ထို့ကြောင့် သင်သည် ထူးဆန်းအံ့ဩဖွယ်ရာအမှုကို လိုအပ်နေလျှင် ဘယ်သောအခါမျှ အရှုံးမပေးပါနှင့်။ ငြင်းပယ်သည့်အဖြေကို ဘယ်သောအခါမျှ လက်မခံပါနှင့်။ ဘုရားသခင် မတတ်နိုင်သောအရာ တစ်စုံတစ်ခုမျှမရှိ။ (ယေရမိ ၃၂း၂၇) သူ့အား ပြုလုပ်ခွင့်ပေးလျှင် သူမည်သည့်အရာကိုမဆို တတ်နိုင်သည်။

- ♦ ဘုရားသခင်သည် မည်သည့်အရာ မည်သည့်အရာ မည်သည့်အရာကိုမဆို တတ်နိုင်သည်။
  ကျရှုံးခြင်းမှလွဲ၍ မည်သည့်အရာကိုမဆို တတ်နိုင်သည်။
  သူကယ်တင်နိုင်သည်။ သူပျောက်ကင်းစေနိုင်သည်။
  သူ့ကိုသာ ယုံကြည်ပါ။ သူလုပ်ဆောင်လိမ့်မည်။
  ဘုရားရှင်သည် ကျရှုံးသည်မှလွဲ၍ မည်သည့်အရာကိုမဆို တတ်နိုင်သည်။
- ♦ ဖြတ်သန်း၍မရနိုင်ဟု သင်ထင်နေသော မြစ်များရှိပါသလား?
  လှိုင်ခေါင်းဖေါက်၍မရသော တောင်များရှိနေပါသလား?
  မဖြစ်နိုင်ဟု ထင်မှတ်ရသော အရာများတွင် ဘုရားသခင် အထူးကျွမ်းကျင်သည်။
  ထို့ပြင် မည်သည့်မိတ်ဆွေမျှ မလုပ်ဆောင်နိုင်သောအရာကို သူလုပ်နိုင်ပါသည်။

(ဆုတောင်း) ကျွန်ုပ်တို့ပြီးစီးအောင်လုပ်ဆောင်ဖို့ လိုအပ်သောမည်သည့်အရာကိုမဆို ကိုယ်တော်လုပ်နိုင်ကြောင်းကို ကျွန်ုပ်တို့သိပြီး မိမိတို့သည် ကိုယ်တော်ကို ယုံကြည်ကိုးစားလျှင် ထိုအရာကို ကိုယ်တော်လုပ်ဆောင်လိမ့်မည်ဖြစ်ကြောင်း ကျွန်ုပ်တို့သိရှိကြပါသည်။ သခင်ဘုရား ကျွန်ုပ်တို့သည်နာခံလျက် ကိုယ်တော်၏ နည်းလမ်းအတိုင်း လုပ်ဆောင်ကြလျှင် ကိုယ်တော်သည် အစဉ်သဖြင့် လမ်းပြပြုလုပ်ပေးပါသည်။ ကျွန်ုပ်တို့တတ်နိုင်သမျှကို လုပ်ဆောင်ကြသောအခါ ကျန်သည့်အရာအားလုံးကို ကိုယ်တော်လုပ်ဆောင်ပါသည်။ ထိုအချင်းအရာမျိုးတွင် ကိုယ်တော်သည် အထူးကျွမ်းကျင်သူဖြစ်ပါ၏။ (လုကာ ၁း၃၇) ထို့ကြောင့် မိမိတို့လုပ်နိုင်သမျှ အားလုံးကိုလုပ်ပြီး အရာအားလုံးကို ကိုယ်တော်တတ်နိုင်ပါသည်။ ထို့ကြောင့် ကိုယ်တော်အားကိုးစားနေသမျှ ကာလပတ်လုံးကျွန်ုပ်တို့သည် ဘယ်သောအခါမျှ မကျရှုံးနိုင်ပါ။

၁။ Ira Stanplrill (၁၉၁၄ – ၁၉၉၄)

၂။ Oscar C.Eliason